# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်ခေတ္တဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ခေတ္တဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ခေတ္တဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ခေတ္တဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဟာ အပြည်ပြည်ဆိုင်ရာပါလီမန်ညီလာခံကို သွားရောက်တက်ရောက်နေတဲ့အတွက် ကိုယ်စားကျွန်တော်ကပဲ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၇၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၁၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၇-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၅ ဦးအနက်တက်ရောက်

သည့်ဦးရေ ၃၇၉ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၆ ဦးအနက် ၆ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၄၀ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁၀ ရက်၊

(၂) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၅ ရက်၊

(၃) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၄) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၅) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၂ ရက်၊

(၆) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ ခွင့် ၁ ရက်၊

(၇) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၂ ရက်၊

(၈) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၉) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

(၁၀) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၅ ရက်၊

(၁၁) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၁၂) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၂ ရက်၊

(၁၃) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၂ ရက်၊

(၁၄) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၁၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၁၆) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၁၇) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၈) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁၂ ရက်၊

(၁၉) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၂ ရက်၊

(၂၀) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၂ ရက်၊

(၂၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၂၂) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁၂ ရက်၊

(၂၃) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၂ ရက်၊

(၂၄) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၂၅) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၂၆) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၂ ရက်၊

(၂၇) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၁ ရက်၊

(၂၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၂၉) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၃ ရက်၊

(၃၀) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၃ ရက်၊

(၃၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၃ ရက်၊

(၃၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၃၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၃၄) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၃၅) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၃၆) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၃၇) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၃၈) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၃ ရက်၊

(၃၉) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်နှင့်

(၄၀) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုသူ ၄၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်

ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။

**ကောလင်းမြို့နယ်တွင် ရေလှောင်တာတမံဆည်စီမံကိန်းတစ်ခုကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများနှင့် လွှတ်တော်အတွင်း၌ ရှိနေကြသောပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်အတွက် မရှိမဖြစ်လိုအပ်လျက်ရှိတဲ့ ရေလှောင်တာတမံတစ်ခုတည်ဆောက်ပေးနိုင်ရေးမေးခွန်းမေးမြန်းလိုပါတယ်ခင်ဗျား။ ကောလင်းမြို့နယ်ဟာ ယခင်ကာလကတည်းက မိုးကောင်းလယ်များ၊ သစ်တော၊ ဝါးတောများပေါပြီးတော့မှ ဆန်စပါး၊ ပဲမျိုးစုံနှင့် နှမ်းအထွက်များတဲ့ဒေသဖြစ်သကဲ့သို့ သစ်ထုတ်လုပ်ရေးဒေသရဲ့ အခြေခံမြို့တစ်မြို့လည်း ဖြစ်ခဲ့ပါတယ်။ ယခုအခါမှာတော့ မိုးခေါင်မှုများလည်း ကြုံရပါတယ်။ လယ်ကွင်းတွေမှာ ပက်ကြားအက်မှုတွေ တွေ့မြင်နေရသလို နွေရာသီမှာ မီးလောင်မှုကြုံတဲ့အခါမှာဆိုရင် မီးသတ်ဖို့မဆိုထားနဲ့ လူ၊ တိရစ္ဆာန်တွေ သောက်စရာရေတောင် မရှိတဲ့အထိ ဖြစ်လာရတဲ့ကိစ္စမျိုးတွေ ကြုံတွေ့ခဲ့ရပါတယ်။ အဲ့ဒီတော့ မိုးတွင်းမှာ အထက်ပိုင်းဒေသ

တွေမှာ မိုးသည်းထန်စွာရွာတဲ့အခါမှာဆိုရင် ကောလင်းမြို့မှာ မိုးမရွာဘဲနဲ့ ညသန်းခေါင်ကျမှ ရေကြီးခြင်းမျိုးကြုံခဲ့ရပါတယ်။ ၁၉၉၅ ခုနှစ် အောက်တိုဘာလမှာတုန်းက မိုးများပြီးတော့ ရေကြီးမှုဖြစ်သဖြင့် ကောလင်းမြို့နဲ့ ဝန်းသိုမြို့ဟာဆိုရင် လူအသေအပျောက်ရှိတဲ့ အထိရေကြီးနစ်မြုပ်မှုကို ခံစားခဲ့ရပါတယ်။ ၂၀၁၁-၂၀၁၂ နှစ်များမှာလည်း ရေကြီးနစ်မြုပ်မှုဟာ တစ်မြို့လုံးရဲ့ ၅ ပုံ ပုံ ၄ ပုံလောက်အထိ ရေလွှမ်းမိုးမှုခံခဲ့ကြရပါတယ်။ ယခုအချိန်ထိလည်း ရေကြီးနစ်မြုပ်မှုဖြစ်လျက်ရှိပါတယ်။ အဲ့ဒီတော့ လက်ရှိအခြေအနေအရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာလည်း ထိုဒေသနဲ့ ပတ်သက်ပြီးတော့မှ အခြားစီမံကိန်းတွေဆောင်ရွက်နေတာကိုလည်း တွေ့ရှိနေရပါတယ်။ ကောလင်းမြို့နယ်မှာ အောက်ဖော်ပြပါကိစ္စရပ်တွေ၊ လိုအပ်ချက်တွေကြောင့်မို့လို့ ကောလင်းမြို့နယ်ရဲ့အထက် ဝန်းသိုမြို့နယ်ဧရိယာအစပ်လောက်မှာ ရေလှောင်တမံတစ်ခုတည်ဆောက်ပေးရေးမှာ မဖြစ်မနေ လိုအပ်နေတယ်လို့ ကျွန်တော်ယူဆပါတယ်။ နံပါတ် (၁) ကောလင်းမြို့နယ်ရဲ့ပတ်လည်ဒေသ တောတောင်များ၊ အထက်ပိုင်းဒေသများမိုးကြီးပါက ကောလင်းမြို့နှင့်ကျေးရွာများ နှစ်စဉ်ရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်ရန် ဖြစ်ပါတယ်။ နံပါတ်(၂)အနေနဲ့ မိုးစပါးစိုက်ပျိုးရေး ရေခက်ခဲမှုများကြုံတွေ့ချိန် အထောက်အကူပြုနိုင်ရန်ဖြစ်ပါတယ်။ နံပါတ်(၃) အနေနဲ့ မိုးကုန်လျှင်လယ်များ ပက်ကြားအက်ပြီးတော့ ရေခန်းခြောက်သဖြင့် ဆောင်းသီးနှံစိုက်ပျိုးခွင့်ဆုံးရှုံးရမှုများ အထောက်အကူပြုနိုင်ရန် ဖြစ်ပါတယ်။ နံပါတ်(၄)ကတော့ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများမှာရှိတဲ့ ချောင်း၊ မြောင်းရေများ ခန်းခြောက်ခြင်း၊ အပေါ်မြေဆီလွှာတွေ ရေခန်းခြောက်ခြင်းများကြောင့် ရေတွင်းများရေမထွက်ခြင်း၊ သောက်ရေသုံးရေပြတ်လပ်မှုဖြစ်ပေါ်ခြင်း၊ ပင်မချောင်းကြီးများကို မှီခိုဖြစ်ထွန်းခဲ့ရတဲ့ နွေသီးနှံပင်များ စိုက်ပျိုးမှုနည်းပါးလာရာမှ လုံးဝရပ်တန့်သွားခြင်းများကို ပြန်လည်ဖေးမရှင်သန်ခွင့်ရနိုင်ရန်တို့ဖြစ်ပါတယ်။ သို့ပါ၍ အောက်ပါမေးခွန်းကို လွှတ်တော်သို့ မေးမြန်းလိုပါတယ်ခင်ဗျား။

ကောလင်းမြို့နယ် ရေနစ်မြုပ်မှုကာကွယ်ရေး၊ စိုက်ပျိုးရေး ရေလုံလောက်မှုရရှိရေး၊ ဆောင်းသီးနှံ၊ နွေသီးနှံများစိုက်ပျိုးခွင့်ရရှိနိုင်ရေး၊ နွေရာသီရေရှားပါးမှုမဖြစ်စေရေးတို့အတွက် အထောက်အကူပြုနိုင်ရန် ရေလှောင်တာတမံစီမံကိန်းတစ်ခုခု နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှင့် နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။

၎င်းမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကောလင်းမြို့နယ် ရေနစ်မြုပ်မှုမှကာကွယ်ရေး၊ စိုက်ပျိုးရေလုံလောက်မှုရရှိရေး၊ ဆောင်းသီးနှံ၊ နွေသီးနှံများ စိုက်ပျိုးခွင့်ရရှိရေးနှင့် နွေရာသီရေရှားပါးမှုမဖြစ်စေရေးတို့အတွက်ကို အထောက်အကူပြုနိုင်ရန် ဝန်းသိုမြို့နယ်၊ ဒေါင်းမြူးချောင်းရေလှောင်တမံစီမံကိန်းကိုတည်ဆောက်ရေး (၄) ကနေပြီးတော့ ကြိုတင်လုပ်ငန်းများစတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်းနှင့် သစ်ဖြူပင်ရေလှောင်တမံ တည်ဆောက်နိုင်ရန်အတွက်ကို ကြိုတင်စူးစမ်းလေ့လာမှုများဆောင်ရွက်လျက်ရှိပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆက်စပ်မေးခွန်းမေးမြန်းလိုပါတယ်။ အခုဖြေသွားတဲ့ သမ္မတရုံးဝန်ကြီးအနေနဲ့ ဒေါင်းမြူးစီမံကိန်းဆောင်ရွက်နေပြီလို့ ပြောသွားပါတယ်။ ဒေါင်းမြူးစီမံကိန်းဟာဆိုရင် ဝန်းသိုဧရိယာကိုသာ အကျိုးပြုတာဖြစ်ပါတယ်။ အခု ကောလင်းမြို့နယ်အတွက်က ကောလင်းနှင့် ဝန်းသိုကြားထဲမှာရှိတဲ့ နန်းလိုင်းချောင်းကို အခြေပြုပြီးမှ တည်ဆောက်လို့ရမှာဖြစ်ပါတယ်။ နောက်ကောလင်းမြို့က သီးသန့်ဖြစ်နေတဲ့အတွက် ဒါကိုတစ်ချက်စဉ်းစားပေးလို့ ရနိုင်/မရနိုင်၊ ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒါနဲ့ပတ်သက်ပြီး Survey လုပ်ထားမှုအချို့ ရှိကောင်းရှိပါလိမ့်မယ်လို့ ကျွန်တော်ကြားသိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အနည်းငယ်ဖြေကြားပေးစေလိုပါတယ်။

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်

ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ရဲ့ မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်လိုအပ်ချက်ကို ဖြည့်စွက်တင်ပြပါမယ်။ ယခု ဦးခိုင်မောင်ရည်မေးမြန်းတဲ့ နန်းလိုင်းချောင်းဆိုတာတော့ ကျွန်တော်တို့ လက်ရှိအနေနဲ့ စူးစမ်းလေ့လာမှုကို အသေအချာမပြုလုပ်ရသေးတာ အမှန်ဖြစ်ပါတယ်။ သို့သော်အခုလို ဦးခိုင်မောင်ရည်က တင်ပြတဲ့အပေါ်မှာ ကျွန်တော်ဒီကပြန်ရောက်လို့ရှိရင် သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို မေးမြန်းပြီးတော့ နန်းလိုင်းချောင်းနှင့်ပတ်သက်တဲ့ချောင်းပေါ်မှာ တည်ဆောက်နိုင်မယ့် အနေအထားတစ်ခုကို ကျွန်တော်တို့ စူးစမ်းလေ့လာပြီးတော့ ဆက်လက်တင်ပြသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လုပ်အားရတနာ ဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်းသားများ၏ ပြဿနာကို မျှတသော စစ်ဆေးမှုပြုလုပ်ခဲ့ခြင်း၊ အသင်းပိုင်မြေနှင့် အဆောက်အဦကို လေလံပစ်ရောင်းချရငွေတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ခေတ္တဥက္ကဋ္ဌနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ကျွန်တော်အခုမေးမယ့်မေးခွန်းက အရင်အပတ်အစည်းအဝေးမှာ မေးထားပြီးသားဖြစ်ပါတယ်။ အဲ့ဒီမေးထားတဲ့မေးခွန်းအပေါ်မှာ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး လာရောက်ဖြေဆိုသွားခဲ့တဲ့အပေါ်မှာ သက်ဆိုင်ရာကာယကံရှင်များက မရှင်းလင်းတဲ့ကိစ္စများ၊ သဘောမပေါက်တဲ့ကိစ္စများကို ထပ်မံပြီးတော့မေးလာတဲ့အတွက် ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးပေးရခြင်းဖြစ်ပါတယ်။ အဲ့ဒီပြီးခဲ့တဲ့အပတ်က ဒုတိယဝန်ကြီးပြောဆိုရှင်းလင်းသွားချက်များထဲမှာ ပြဿနာဖြစ်နေတဲ့ကိစ္စကို ပွင့်လင်းမြင်သာစွာ နှစ်ဦးနှစ်ဖက်ကြားနာစုံစမ်းစစ်ဆေးခဲ့ခြင်း မရှိခဲ့တဲ့အတွက် လွှတ်တော်တွင်းလာရောက်ဖြေဆိုတဲ့အဖြေမှာ တဖက်သတ်ကျနေတာ၊ မှန်ကန်မှုမရှိသည့်အပြင် ဒီလုပ်အားရတနာသမဝါယမအသင်းကို ကျွန်တော်တို့ လေလံတင်ရောင်းချရတဲ့ငွေတွေကို ခွဲဝေမပေးခြင်းနှင့် ပတ်သက်ပြီးတော့ ကိုးကားထားတဲ့ဥပဒေကလည်း ဖျက်သိမ်းပြီးဥပဒေဖြစ်နေတယ်လို့ သူတို့က ဆိုပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတာက လုပ်အားရတနာဖိနပ်ချုပ်သမဝါယမအသင်း အသိမ်းခံရပြီး လေလံပစ်ရောင်းချရငွေများကို အသင်းသားများအား ပြန်လည်ခွဲဝေမပေးခြင်းနှင့် ပတ်သက်ပြီး ပြဿနာကို

ဖြေရှင်းရန်အတွက် ဝန်ကြီးဌာနသည် အောက်ခြေအထိဆင်း၍ ပွင့်လင်းမြင်သာစွာ နှစ်ဦးနှစ်ဖက်အကြား မျှတသောစုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့ပါသလား။ အသင်းပိုင်မြေနှင့် အဆောက်အဦကိုလေလံပစ်ရောင်းချရငွေများကိုလည်း ၁၉၇၀ ခုနှစ်ဥပဒေအရ CRF ရန်ပုံငွေသို့ ထည့်သွင်းခဲ့သည်ဆိုကာ ကိုးကားခဲ့သည့်ဥပဒေမှာ ၁၉၉၂ ခုနှစ်ကထုတ်ပြန်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၉/၉၂) သမဝါယမအသင်းဥပဒေပုဒ်မ ၃၉ ဖြင့် ဖျက်သိမ်းပြီးဖြစ်သည်ဆိုသည်မှာ မှန်ကန်ပါသလား။ မှန်ကန်သည်ဟုဆိုပါလျှင် ထိုရောင်းချရငွေများကို အသင်းသားများအား မည်သည့်အချိန်ခန့်တွင် ပြန်လည်ခွဲဝေပေးနိုင်မည်ကို သိရှိလိုပါသည်။ ဒါပါပဲခင်ဗျား။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးသန်းထွန်း(ဒုတိယဝန်ကြီး၊သမဝါယမဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့လွှတ်တော်ကိုယ်စားလှယ်များ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီး ပြည်တွင်းခရီးစဉ်သွားရောက်နေပါသဖြင့် ပြည်ထောင်စုဝန်ကြီးကိုယ်စား လာရောက်ရှင်းလင်းတင်ပြရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် လုပ်အားရတနာဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်းရဲ့အသင်းသား ၂၆ ဦးမှ အသင်းဥက္ကဋ္ဌအား အရေးယူဆောင်ရွက်ပေးရန် ၃၀-၆-၂၀၀၈ ရက်စွဲဖြင့် တိုင်ကြားခဲ့တဲ့အတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်၍ အဖွဲ့အား အောက်ခြေထိကွင်းဆင်းပြီး ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်စေခဲ့ပါတယ်။

| | | | |
|---|---|---|---|
| (က) | ဒေါ်တင်တင် | ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်ခင်တင့် | ဌာနခွဲစာရေး | အဖွဲ့ဝင် |
| (ဂ) | ဦးသာငွေ | အကြီးတန်းစာရေး | အဖွဲ့ဝင် |

(ဃ) ဦးမိုးထွန်း အကြီးတန်းစာရေး အဖွဲ့ဝင်

အဆိုပါ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ဟာ အောက်ပါသက်သေ ၁၉ ဦးအားခေါ်ယူ၍ ပွင့်လင်းမြင်သာစွာ နှစ်ဦးနှစ်ဖက်အကြား မျှတသောစစ်ဆေးမှုများကို ပြုလုပ်ခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်။

(က) ဦးထွန်းတင် ဥက္ကဋ္ဌ

(ခ) ဦးအောင်သန်း အတွင်းရေးမှူး

(ဂ) ဦးမြင့်ဇော် စာရင်းကိုင်

(ဃ) ဦးမြင့်ဆွေ အသင်းသား

(င) ဦးသန်းဌေး အသင်းသားစာရင်းစစ်

(စ) ဦးကျော်စိုး အသင်းသား

(ဆ) ဦးသိန်းရွှေ အသင်းသား

(ဇ) ဒေါ်နွယ်နွယ်သန်း တယ်လီဖုန်းနှင့်ဆိုင်ခန်းအငှားနေသူ

(ဈ) ဦးမင်းထွေးမိုး မီးအားမြှင့်စက်ဝယ်ယူသူ

(ည) ဒေါ်သန်းသန်းနု ဦးမင်းထွေးမိုး၏ဇနီး

(ဋ) ဦးမြတ်သူ အသင်းသား

(ဌ) ဦးဖိုးနီတာ အသင်းသားစာရင်းစစ်ဟောင်း

(ဍ) ဦးစိုးလွင် အသင်းသား

(ဎ) ဦးထွန်းတင်အောင် အသင်းသား

(ဏ) ဦးအောင်ကြည်ဝင်း အသင်းသား

(တ) ဦးသောင်းစိန် အသင်းသား

(ထ) ဦးဘရီ အသင်းသား

(ဒ) ဦးကျော်တင့် အသင်းသား

(ခ) ဦးအောင်မင်း အသင်းသား တို့ဖြစ်ပါတယ်။

၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေပုဒ်မ ၃၉ မှာ ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေ၊ ၁၉၇၀ ခုနှစ် သမဝါယမအသင်းနည်းဥပဒေ၊ အရေးယူနည်းဆိုင်ရာနည်းဥပဒေများကို ရုပ်သိမ်းခဲ့သည် မှာမှန်ကန်ပါတယ်။ CRF ဆိုသည့်စကားရပ်သည် ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေအရ ပေါ်ပေါက်လာခြင်းမဟုတ်ပါ။ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေပြဋ္ဌာန်းပြီးနောက် ခေတ်အဆက် ဆက်ကပိုင်ဆိုင်ခဲ့တဲ့ ရင်းနှီးပစ္စည်းများမပျောက်ပျက်စေရေး ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ သမဝါယမဝန်ကြီးဌာနမှာ CRF ရန်ပုံငွေပေါ်ပေါက်လာရခြင်းပဲ ဖြစ်ပါတယ်။

၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေပုဒ်မ ၃၇ တွင် ၁၉၇၀ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ တည်ထောင်ခဲ့သောအသင်းများကို (က) ဤဥပဒေအရ မှတ်ပုံတင်ထား သောအသင်းများ ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်၊ (ခ) သတ်မှတ်သည့်ကာလအတွင်း ဤဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ၁၉၇၀ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းများကို စည်းကမ်းအသစ်များဖြင့် ပြန်လည်ဖွဲ့စည်းရေးအတွက် သမဝါယမဦးစီးဌာနရဲ့ ၁၁-၂-၁၉၉၃ ရက်စွဲပါ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်နေ့၊ ဥပဒေအမှတ် (၉/၉၂) ဖြင့်ထုတ်ပြန်သော နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ သမဝါယမအသင်းဥပဒေအရ ပြန်လည်ဖွဲ့စည်းရေးလုပ်ငန်းအစီအစဉ် နှင့် ၅-၄-၁၉၉၄ ရက်စွဲပါ သမဝါယမအသင်းများ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို ရှင်းလင်းရေး လုပ်ငန်းအစီအစဉ်တို့ဖြင့် ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို ရှင်းလင်းပြီးဖြစ်ပေါ်လာတဲ့ အသား တင်ပိုလျှံငွေနှင့်ပစ္စည်းများကို လေလွင့်ပျောက်ဆုံးမှုမရှိစေရန် ပြန်လည်ဖွဲ့စည်းထားသည့် သမဝါယမ အသင်းများ၏လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်စေရန်ရည်ရွယ်၍ သမဝါယမအသင်းများ နှင့်ဆိုင်သော ပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေ Common Restructuring Fund (CRF) အဖြစ် သတ်မှတ်၍ ပြန်လည်ဖွဲ့စည်းသည့်အသင်းတွင် အပ်နှံသုံးစွဲခွင့်ပြုခဲ့ပါတယ်။ ထို့အပြင် အသင်းအား သမဝါယမအသင်းဥပဒေပုဒ်မ ၂၅ အရ စာရင်းရှင်းလင်းဖျက်သိမ်းတဲ့အခါ စာရင်းရှင်းပိုလျှံငွေများ ကိုလည်း CRF ရန်ပုံငွေသို့ပေးသွင်းရပါတယ်။ သမဝါယမအသင်းများက အသုံးပြုလျက်ရှိသော ပစ္စည်းများမှာ CRF များသာဖြစ်၍ မပျောက်ပျက်ဘဲ သမဝါယမလုပ်ရှားမှုတွင်သာ သုံးစွဲရန်အတွက် ၁၃-၁၁-၁၉၉၇ ရက်နေ့မှာ ကျင်းပတဲ့ သမဝါယမဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီတွင် CRF ပိုင် အခန်းများကို သမဝါယမအသင်းများ၏ လှုပ်ရှားမှုဆိုင်ရာလုပ်ငန်းများတွင်သာ အသုံးပြုရန်ဆုံးဖြတ်

ခဲ့ပြီး ဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမဦးစီးဌာနများသို့ လိုက်နာဆောင်ရွက်ရန် အကြောင်းကြားခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေ အရဖွဲ့စည်းခဲ့သော လုပ်အားရတနာဖိနပ်ချုပ် ကုန်ထုတ်သမဝါယမအသင်းအား ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ ၁၀-၉-၁၉၉၃ ရက်နေ့မှာ ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ပြန်လည် ဖွဲ့စည်းထားတဲ့ သမဝါယမအသင်းတစ်သင်းဖြစ်သည့်အတွက် အသင်းရှိ မြေနှင့်အဆောက်အဦသည် အသင်းသားများပိုင် မဟုတ်ပါ။ CRF ပိုင်ငွေနှင့်ပစ္စည်းများကို အသင်း၏လုပ်ငန်းများ စဥ်ဆက်မပြတ် လည်ပတ်နိုင်စေရန်အတွက် အသင်းသို့ ဆက်လက်သုံးစွဲခွင့် ပေးထားခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဖွဲ့စည်း တာဝန်ပေးအပ်ထားတဲ့ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့မှ တိုင်ကြားမှုအပေါ် စစ်ဆေးတွေ့ရှိချက်များ အရ အသင်းအား စာရင်းရှင်းလင်းဖျက်သိမ်းသင့်ပါကြောင်း တင်ပြခဲ့မှုအပေါ် မြို့နယ်/တိုင်းဒေသ ကြီးအဆင့် ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲတို့၏ ထောက်ခံချက်ဖြင့် လုပ်အားရတနာဖိနပ်ချုပ် စက်မှု လက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက်အား သမဝါယမအသင်းဥပဒေပုဒ်မ ၂၅ အရ စာရင်း ရှင်းလင်းဖျက်သိမ်းမိန့် ထုတ်ပြန်ခဲ့ပြီး စာရင်းရှင်းတာဝန်ခံ အောင်မြေသာစံမြို့နယ် သမဝါယမဦးစီး ဌာန ဦးစီးအရာရှိမှ သမဝါယမအသင်း၏ စာရင်းရှင်းလုပ်ငန်းများ ပြီးပြတ်ရေးအတွက် ပေးရန်၊ ရရန် များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ရာ စာရင်းရှင်းလုပ်ထုံးလုပ်နည်းအရ အသင်း၏လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ပေးထားသော CRF ပိုင်မြေနှင့်အဆောက်အဦအား သမဝါယမဦးစီးဌာန အဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့်လေလံကြီးကြပ်အဖွဲ့ဖွဲ့၍ သတင်းစာတွင်ကျယ်ကျယ်ပြန့်ပြန့်ကြော်ငြာ၍ လေလံတင်ရောင်းချခဲ့ပါတယ်။ လေလံတင်ရောင်းချရ ငွေကျပ် သိန်းသုံးထောင်မှ ဝင်ငွေခွန်ကျပ် သိန်းသုံးရာကို ပေးဆောင်ပြီးနောက် အသင်း၏လက်ကျန် ရှင်းတမ်းပါ အသင်းသား ၅၄ ဦးအား ပေးရန်ရှိသောအစုငွေများနှင့် အသင်းသားတစ်ဦးလျှင် ပံ့ပိုးငွေ ၁၀၀၀၀ ကျပ်အား ထုတ်ပေးပြီးနောက် ပေးရန်၊ ရရန်များကိုရှင်းလင်းပြီး စာရင်းရှင်းပိုလျှံငွေများအား CRF ရန်ပုံငွေများသို့ ပေးသွင်းခဲ့ပြီး လုပ်အားရတနာ ဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်းလီမိတက်အား သမဝါယမအသင်းဥပဒေပုဒ်မ ၃၁ အရ သမဝါယမအသင်းမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့ပါတယ်။ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် သမဝါယမအသင်းများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းရေးကို ထိထိရောက်ရောက်ဆောင် ရွက်နိုင်ရန်အတွက် သမဝါယမဝန်ကြီးဌာနသည် CRF ရန်ပုံငွေများကို ဗဟိုသမဝါယမအသင်းမှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းအဆင့်ဆင့်သို့ ၁၉-၆၂၀၁၁ ရက်

နေ့ မြန်မာ့အလင်းသတင်းစာတွင် ပွင့်လင်းမြင်သာစွာကြော်ငြာ၍ ပြန်လည်လွှဲပြောင်းခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လုပ်အားရတနာ ဖိနပ်ချုပ်ကုန်ထုတ်သမဝါယမအသင်းသည် ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော်လည်း ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)အရ ပြန်လည်ဖွဲ့စည်းထားခြင်း၊ CRF ပိုင်အဆောက်အဦငှားရမ်းခရငွေများအား အသင်းအမှုဆောင်အဖွဲ့သာ အကျိုးအမြတ်ခံစားခဲ့ခြင်း၊ အသင်းအား ၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေပုဒ်မ ၂၅ အရ စာရင်းရှင်းလင်းဖျက်သိမ်းခဲ့ရာတွင် စာရင်းရှင်းတာဝန်ခံမှ လေလံတင်ထုခွဲရောင်းချခဲ့သောပစ္စည်းများသည် အသင်းသားပိုင်မဟုတ်ဘဲ CRF ပိုင်ဖြစ်သဖြင့် စာရင်းရှင်းပိုလျှံငွေများအား CRF ရန်ပုံငွေသို့ပေးသွင်းခဲ့ခြင်း၊ CRF ရန်ပုံငွေများကိုလည်း သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် ဗဟိုသမဝါယမအသင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်း ဒေသကြီး/ပြည်နယ် သမဝါယမအသင်းများသို့ ပြန်လည်ပေးအပ်ပြီးဖြစ်ခြင်း၊ အဆိုပါ သမဝါယမအသင်းလီမိတက်အား သမဝါယမအသင်းမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ခြင်းတို့ကြောင့် ပြန်လည်ပေးအပ်ရန်မရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လယ်ယာသုံးစက်ကိရိယာများအား တောင်သူများသုံးစွဲနိုင်ရန် ဈေးနှုန်းများလျှော့ချရေးနှင့် မြန်မာကျပ်ငွေဈေးနှုန်းဖြင့် တောင်သူများနားလည်နိုင်သည့် ဝေါဟာရများဖြင့် ဖြေကြားပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထွန်း(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်အံ့ဆိုတဲ့ ဆိုင်းဘုတ်အောက်က နိမ့်ကျနေပါတယ်လို့ သတ်မှတ်ခြင်းခံနေရတဲ့ မြန်မာ့ပညာရေးစနစ်၊ ပြည်သူ့သဘောထားဆိုင်းဘုတ်ထောင်ပြီး ပြည်သူ့ဆန္ဒနဲ့မကိုက်ညီတာတွေ၊ မြန်မာ့အားကစားကမ္ဘာကို လွှမ်းရမယ်ဆိုတဲ့ဆိုင်းဘုတ်အောက်က ကစားတဲ့ပွဲတိုင်းနီးပါးရှုံးနေရတဲ့ မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်း၊ လျှပ်စစ်ဖြင့် လောကနိဗ္ဗာန်တည်ဆောက်အံ့ဆိုတဲ့ဆိုင်းဘုတ်နဲ့ အမှောင်ထဲကရှိနေတဲ့

မြို့ကြီးတွေနဲ့ရွာတွေ အဲ့ဒီလိုရှိနေခဲ့ကြသလို ယခင်လက်မှုလယ်ယာမှ ခေတ်သစ်စက်မှုလယ်ယာဆီသို့ ဆိုတဲ့ ကြွေးကြော်သံနဲ့ ဗလာနတ္ထိဟောင်းလောင်းဖြစ်နေတဲ့ စက်မှုလယ်ယာထွန်စက်စခန်းတွေကို ယခု တိုင်မြင်တွေ့နေရဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးမြန်းလိုတာကတော့ ပြည်ပက လယ်ယာ သုံးစက်ကိရိယာတွေ တင်သွင်းရာမှာ ကုန်သွယ်ခွန်ပေးဆောင်ရန်မလိုတော့ပေမယ့် ဈေးနှုန်းလျှော့ကျ ခြင်းမရှိတဲ့အတွက် လယ်ယာသုံးစက်ကိရိယာတွေကို မော်တော်ယာဉ်ဈေးနှုန်းများကဲ့သို့ တောင်သူများ သုံးစွဲနိုင်တဲ့ဈေးနှုန်းများဖြစ်ပေါ်စေရန် နိုင်ငံတော်က မည်သို့စီမံဆောင်ရွက်ထားပါကြောင်း တောင်သူ များသိရှိနားလည်နိုင်တဲ့ ဝေါဟာရများဖြင့် ပြန်လည်ဖြေကြားပေးပါရန် လေးစားစွာဖြင့် တင်ပြမေးမြန်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စု အဆင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထွန်းရဲ့ မေးခွန်းနဲ့ပတ်သက်လို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနကိုယ်စား ကျွန်တော်မှ ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ တောင်သူ လယ်သမားများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ ကျယ်ပြန့်စွာသုံးစွဲနိုင်ရေးနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနသည် ဌာနပိုင်စက်ကိရိ ယာများဖြင့် ဝန်ဆောင်မှုပေးခြင်း၊ တောင်သူများစက်ကိရိယာများကိုင်တွယ်မောင်းနှင်ခြင်းနှင့် ပြုပြင် ထိန်းသိမ်းခြင်းသင်တန်းများ အခမဲ့သင်ကြားလေ့ကျင့်ပေးခြင်းနှင့် စက်ကိရိယာများသုံးစွဲနိုင်မည့် စက်မှုလယ်ယာစနစ်လယ်ကွက်များ ဖော်ထုတ်ပေးခြင်းလုပ်ငန်းရပ်များကို အဓိကထား ဆောင်ရွက်ပေး လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရသစ်ကာလတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံး လျက်ရှိရာ လယ်ယာသုံးစက်ကိရိယာများ ပြည်ပမှတင်သွင်းခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းများကို ပုဂ္ဂလိကပိုင်းမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လွတ်လပ်စွာဆောင်ရွက်လျက်ရှိ ပါတယ်။ ဥပမာအားဖြင့် ဂွတ်ဘရားသား(စ်)ကုမ္ပဏီ၊ ရွှေထွန်းကုမ္ပဏီ၊ ရီရှင်းကုမ္ပဏီ၊ အောင်ရတနာ

ဖြိုးကုမ္ပဏီ အစရှိသည့် ပုဂ္ဂလိကကုမ္ပဏီများမှ လယ်ယာသုံးစက်ကိရိယာများကို ပြည်ပမှတင်သွင်းပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ လယ်ယာသုံးစက်ကိရိယာများ၏ ဈေးနှုန်းများလျှော့ချနိုင်ရေး အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဖြေလျှော့ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များကိုအောက်ပါအတိုင်းဖော်ပြအပ်ပါတယ်။

နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း နှင့် ပြည်တွင်းထုတ်လုပ်ရောင်းချမှုတို့အပေါ်တွင် ကျသင့်မည့်ကုန်သွယ်လုပ်ငန်းခွန်ကို ဘဏ္ဍာရေး ဝန်ကြီးဌာန (ယခင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)၏ ၂၂-၇-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၂၈၈/၂၀၁၂) ဖြင့် ၁-၇-၂၀၁၂ ရက်နေ့မှ ၃၁-၃-၂၀၁၃ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

အလားတူ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် လယ်ယာသုံးစက်ကိရိယာများ၊ လယ်ယာသုံးစက် ပစ္စည်းများတို့ကို ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊ ပြည်တွင်းထုတ်လုပ် ရောင်းချခြင်းအပေါ် ကျသင့်မည့်ကုန်သွယ်လုပ်ငန်းခွန်ကို ဘဏ္ဍာရေးဝန်ကြီးဌာန (ယခင် ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာန)၏ ၇-၅-၂၀၁၃ ရက်နေ့ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၃၅/၂၀၁၂) ဖြင့် ၁-၄-၂၀၁၃ ရက်နေ့မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ လယ်ယာသုံးစက် ကိရိယာများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်မှာ ၅ ရာခိုင်နှုန်းဖြစ်ကြောင်း ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပါကြောင်းကို အသိပေးအပ်ပါတယ်။

လယ်ယာကဏ္ဍတွင် လယ်ယာသုံးစက်ကိရိယာလိုအပ်ချက်များစွာရှိရာ နိုင်ငံတော်ပိုင်းအနေ ဖြင့် အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် ရန်ပုံငွေကန့်သတ်ချက်များရှိသဖြင့် ပုဂ္ဂလိကကဏ္ဍမှ စက်မှု လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ် နှံဆောင်ရွက်လာစေရန်နှင့် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ ကျယ်ပြန့်စွာသုံးစွဲနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ မိမိ ဒေသတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အင်အားကိုရယူ၍ စက်မှုလယ်ယာကူးပြောင်းရေးနှင့် တောင်သူများလယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေးကို ကြိုးပမ်းဆောင်ရွက် လျက်ရှိပါတယ်။

စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူများလက်ဝယ်သို့ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးကို ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ သစ်ကာလတွင် အရည်အသွေးကောင်းမွန်သော လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးကို ဦးတည်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပရှိ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် ကုမ္ပဏီများနှင့်ပူးပေါင်း၍ အရည်အသွေးမြင့် စက်ကိရိယာများထုတ်လုပ်ကာ တောင်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရှိရပါတယ်။ ပြည်တွင်း၌ လယ်ယာသုံးစက်ကိရိယာဈေးနှုန်းများ မော်တော်ယာဉ်များကဲ့သို့ သိသိသာသာမကျဆင်းရခြင်းမှာ လယ်ယာသုံးစက်ကိရိယာများရောင်းချရာ၌ အဆိုပါစက်ကိရိယာ၏ ပြည်ပစက်ရုံမှဝယ်ဈေးနှုန်းပေါ်တွင် သယ်ယူပို့ဆောင်ခ၊ သဘော်ာတင်ခ၊ အခွန်အခများ၊ ကုမ္ပဏီ၏သင့်တော်သောအမြတ်အစရှိသည်တို့ကိုပေါင်း၍ ခေတ်အဆက်ဆက် တသမတ်တည်း သတ်မှတ်လာခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။ ပြည်ပစက်ရုံမှဝယ်ယူရသော ဈေးနှုန်းအတက်အကျနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျ အရသာ အသင့်အတင့်ပြောင်းလဲမှုရှိနိုင်ပြီး မော်တော်ယာဉ်များကဲ့သို့ အဆမတန်ကျဆင်းနိုင်မှုမရှိခဲ့ပါ။ အဆိုပါ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့်စက်ရုံများ ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံ၍ ကုန်ကျစရိတ်သက်သာစွာဖြင့်ထုတ်လုပ်ပြီး သယ်ယူပို့ဆောင်စရိတ်ကဲ့သို့သော မလိုလားအပ်သည့် စရိတ်များလျှော့ချ၍ ရောင်းချနှုန်းလျှော့ချနိုင်မည်ဖြစ်သဖြင့် ပြည်ပကုမ္ပဏီများ ပြည်တွင်း၌လာရောက်ရင်းနှီးမြှုပ်နှံရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာသုံးစက်ကိရိယာအတွက် သတ်မှတ်ကုန်သွယ်ခွန်နှုန်းထားမှာ စက်တန်ဘိုး၏ ၅ ရာခိုင်နှုန်းဖြစ်သဖြင့် ကုန်သွယ်ခွန်ပေးဆောင်ရန် မလိုအပ်သည့်အတွက် ဈေးနှုန်းမှာ ၅ ရာခိုင်နှုန်းသာ လျှော့ကျနိုင်မည်ဖြစ်ပါတယ်။ နိုင်ငံတော်မှ ကုန်သွယ်ခွန်ကင်းလွတ်ခွင့်ပြုခဲ့သော်လည်း ပြည်ပငွေလဲလှယ်နှုန်းများ ပြောင်းလဲမှုဖြစ်ပေါ်လာသဖြင့် လယ်ယာသုံးစက်ကိရိယာရောင်းဈေးနှုန်းများ သိသိသာသာလျှော့ကျမှု မရှိခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာသုံးစက်ကိရိယာဈေးနှုန်းများ လျှော့ကျနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်သည့် စက်ရုံကြီးများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံတည်ဆောက်လာရေး၊ အရည်အသွေးကောင်းသော လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်သည့် ပြည်ပကုမ္ပဏီကြီးများ အပြိုင်အဆိုင်လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အပြိုင်အဆိုင်ပေါ်ထွန်းလာရေးကို နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမ

ဝါယမဝန်ကြီးဌာနတို့မှ အရစ်ကျပေးချေသည့်စနစ်ဖြင့် တောင်သူများဝယ်ယူသုံးစွဲနိုင်အောင် စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအတွက် ချေးငွေရယူခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ကိုယ်စား သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျာ။ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒ နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၏ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်း ဆိုင်ရာမေးခွန်းကို ပြည်သူ့လွှတ်တော်ကုန်သွယ်စီးပွားဖွံ့ဖြိုးရေးကော်မတီမှ ကျွန်တော် ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှကိုယ်စား တင်ပြမေးမြန်းမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်ရန်၊ ချေးငွေများထုတ်ချေးနိုင်ရေးအရ ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရပါတယ်။ သို့ရာတွင် အများစုမှာ ချေးငွေချေးငှားရန် အခက်အခဲရှိသလို တိုင်းဒေသကြီး/ပြည်နယ်များမှာ ငွေချေးငှားလိုသော စက်မှုလုပ်ငန်းရှင်အငယ်များမှာ ငွေထုတ်ချေးမယ့်ဘဏ်များရှိသော်လည်း အခက် အခဲများနဲ့တွေ့ကြုံနေရပါတယ်။ ၎င်းအခက်အခဲအဓိကမှာလည်း လုပ်ငန်းလုပ်ကိုင်နေကြောင်း ထောက်ခံချက်လိုအပ်လျက်ရှိတယ်လို့တွေ့ရပါတယ်။ ယခင်က အဆိုပါထောက်ခံချက်ကို စက်မှု ဝန်ကြီးဌာန ဒေသန္တရစက်မှုစစ်ဆေးရေးဦးစီးဌာနက မှတ်ပုံတင်ထားရှိကာ လုပ်ငန်းဆောင်ရွက်သူဖြစ် ကြောင်း ထောက်ခံချက်ထုတ်ပေးသော်လည်း ယခုအခါ ထုတ်ပေးမှုမရှိတော့ကြောင်းလည်း ကြားသိရ ပါတယ်။ ထို့အတူ တိုင်းဒေသကြီး/ပြည်နယ်များမှာ မြို့နယ်အလိုက် စက်မှုလုပ်ငန်းရှင်များရဲ့ စာရင်း များလည်း လိုအပ်လျက်ရှိပါတယ်။ ထိုစာရင်းများရှိမှသာ မြို့နယ်များကလည်း ထောက်ခံတင်ပြလျက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများထံမှ ချေးငွေရယူနိုင်မယ်လို့ လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါကြယ်ပွင့်ပြမေးခွန်း(၄)ခုကို တင်ပြအပ်ပါတယ်။

မေးခွန်း(၁) အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအား ဆောင်ရွက်ပေးနေသည့် စက်မှု ဝန်ကြီးဌာနရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ စက်မှုမှတ်ပုံတင်စာရင်းများအား မြို့နယ် များအဆင့်သို့ ပေးပို့နိုင်ခြင်းရှိ/မရှိအားလည်းကောင်း၊ ထိုမှတ်ပုံတင်စာရင်းဝင်ပုဂ္ဂိုလ်များအား စက်မှု

လုပ်ငန်းဆောင်ရွက်နေသူအဖြစ် ထောက်ခံချက်ထုတ်ပေးနိုင်ခြင်းရှိ/မရှိအားလည်းကောင်း သိရှိလိုပါတယ်ခင်ဗျား။

မေးခွန်း(၂) အကယ်၍ ထိုသို့စက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် တိုက်ရိုက်ထောက်ခံချက် မထုတ်ပေးနိုင်ပါက အခြားနည်းလမ်းအားဖြင့် အဆိုပါ ဌာနမှအသိအမှတ်ပြုထားသော စက်မှုမှတ်ပုံတင်လက်မှတ် မူရင်းမိတ္တူများသည် ၎င်းမူရင်းမိတ္တူများဖြင့် တင်ပြလာပါက စက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် အထောက်အထားဖြစ်ပါကြောင်း အသိပေးကြေညာစာ ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။

မေးခွန်း(၃) အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအနေဖြင့် စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို မည်သို့မည်ပုံအဆင့်ဆင့် ချေးငှားထုတ်ယူနိုင်ပါကြောင်း ရှင်းလင်းတင်ပြပေးစေလိုပါတယ်ခင်ဗျား။

နောက်ဆုံးမေးခွန်း(၄)မှာ ယနေ့ မြန်မာ့ရုပ်မြင်သံကြားတွင် တင်ဆက်ပြသနေသော အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းကြော်ငြာနှင့် ယနေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းဆိုင်ရာမူဝါဒများသည် ကိုက်ညီမှုရှိ/မရှိကို သိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**[**ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်ကိုယ်စား ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ မေးမြန်းပါသည်။**]**

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ မေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်ဖြစ်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့ကိုယ်စား သာပေါင်းမဲဆန္ဒနယ်ကိုယ်စားလှယ် ဦးဝင်းသန်းရဲ့ မေးမြန်းသွားတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာနကိုယ်စား

ကျွန်တော် ပြန်လည်ဖြေကြားပါ့မယ်။ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုများကို အထောက်အကူပြုစေသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများအား အထောက်အပံ့ပေးနိုင်ရန်ရည်ရွယ်၍ စက်မှုဝန်ကြီးဌာန၌ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှာ စတင်တည်ထောင်ခဲ့ပါတယ်။ အဲ့ဒါအပြင် ယခင်မြန်မာ့စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ကိုလည်း ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အဖြစ် အမည်ပြောင်းလဲ၍ စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းမွန်သည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများအား ငွေကြေးအထောက်အပံ့ပေးနိုင်ရေးအတွက် ချေးငွေများထုတ်ချေးပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများအား ချေးငွေများထုတ်ချေးပေးတဲ့ အဆင့်များကတော့ လုပ်ငန်းရှင်များမှ မိမိလုပ်ငန်းအတွက် ငွေချေးယူလိုကြောင်း စက်မှုလုပ်ငန်းလိုင်စင်များနှင့်တကွ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို တင်ပြလျှောက်ထားရပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ ချေးငွေလျှောက်ထားသောလုပ်ငန်းအနေနဲ့ အမှန်တကယ်လုပ်ငန်းလည်ပတ်နေခြင်းရှိ/မရှိနဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် စက်မှုလုပ်ငန်းမှတ်ပုံတင်ထားခြင်းရှိ/မရှိတို့ကို ကွင်းဆင်းသွားရောက်စစ်ဆေးထားတဲ့ ထောက်ခံချက်ဖြင့် ချေးငွေထုတ်ချေးနိုင်ရေးအတွက် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ကို ပေးပို့ပါတယ်။ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနရဲ့ ထောက်ခံချက်နဲ့ ပေးပို့လာတဲ့ အထောက်အထားများကို အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ စစ်ဆေးပြီး မှန်ကန်ပြည့်စုံပါက ချေးငွေလျှောက်လွှာနဲ့ ဖြည့်စွက်စေပြီးတော့ ချေးငွေလျှောက်ထားစေပါတယ်။ ချေးငွေလျှောက်လွှာနဲ့အတူ စက်မှုလုပ်ငန်းလိုင်စင်၊ လုပ်ငန်းဝင်ငွေ၊ ထွက်ငွေ၊ အရှုံးအမြတ်စာရင်း၊ ပေးဆောင်ပြီးသောအခွန်ငွေပြေစာ၊ အာမခံပေးမယ့် မြေနှင့်အဆောက်အဦ၊ ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံမိတ္တူ၊ အာမခံပေးရမယ့် အဆောက်အဦနဲ့ လုပ်ငန်းပြရှေ့၊ နောက်၊ ဝဲ၊ ယာ ဓာတ်ပုံများ၊ ချေးငွေလျှောက်ထားသူရဲ့ မှတ်ပုံတင်နဲ့ သန်းခေါင်စာရင်းမိတ္တူများ ပူးတွဲပါရှိရမှာဖြစ်ပါတယ်။

အာမခံပေးရမယ့် မြေနဲ့အဆောက်အဦအား ဘဏ်ရာဖြတ်မှ ကွင်းဆင်းစစ်ဆေးရန် သင့်/မသင့်ကို အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)ရှိ ချေးငွေဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးထံ ခွင့်ပြုမိန့်တောင်းခံရမှာ ဖြစ်ပါတယ်။ ဦးဆောင်ညွှန်ကြားရေးမှူးထံမှ ခွင့်ပြုချက်ရရှိပါ

က ဘဏ်ရာဖြတ်မှ အာမခံပေးအပ်တဲ့မြေ၊ လုပ်ငန်းနဲ့ အဆောက်အဦများကို ကွင်းဆင်းစစ်ဆေးစေမှာ ဖြစ်ပါတယ်။ ဘဏ်ရာဖြတ်မှ အာမခံပေးအပ်တဲ့ မြေနှင့်အဆောက်အဦတန်ဖိုးကို ကွင်းဆင်းစစ်ဆေးပြီး အတင်းအကြပ်ရောင်းဈေး (Force Sale Value -FSV) တန်ဖိုးကိုသတ်မှတ်ပြီးပါက ကျပ်သိန်း ၂၀၀၀ အောက်ချေးငွေအမှုတွဲများကို ဘဏ်ဥက္ကဋ္ဌ(၂)နဲ့ ဒါရိုက်တာအဖွဲ့ဝင်(၄) ဦးပါဝင်တဲ့ ချေးငွေကော်မတီ (Credit Committee) သို့တင်ပြပြီး ကျပ်သိန်း ၂၀၀၀ အထက် လျှောက်ထားတဲ့ ချေးငွေအမှုတွဲများကို Board of Director အဖွဲ့သို့တင်ပြပြီး ဆုံးဖြတ်ချက်ရယူရမှာဖြစ်ပါတယ်။ ကျပ်သိန်း ၂၀၀၀ အောက် ချေးငွေအမှုတွဲများကို ချေးငွေကော်မတီမှ တစ်ပတ်တစ်ကြိမ် စိစစ်ဆုံးဖြတ်ပြီး ကျပ်သိန်း ၂၀၀၀ အထက် ချေးငွေများကို နာယကနဲ့ ဒါရိုက်တာအားလုံးပါဝင်သော Board of Director အဖွဲ့မှ တစ်လတစ်ကြိမ် စိစစ်ဆုံးဖြတ်မှာဖြစ်ပါတယ်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ချေးငွေပမာဏကို အများဆုံးကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးပေး၍ ချေးငွေသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပါတယ်။ အဆိုပါချေးငွေအမှုတွဲများကို ဒါရိုက်တာအဖွဲ့မှ အာမခံခိုင်မာမှုနှင့် လုပ်ငန်းကောင်းမွန်မှုအပေါ်အဓိက သုံးသပ်ဆွေးနွေးကြပြီး အတင်းအကြပ်ရောင်းဈေး (Force Sale Value -FSV) တန်ဖိုးရဲ့ အနည်းဆုံး ၃၀ ရာခိုင်နှုန်းမှ အများဆုံး ၅၀ ရာခိုင်နှုန်းအထိ ထုတ်ချေးပေးရန် ဆုံးဖြတ်ကြပါတယ်။ ဆုံးဖြတ်ပြီးချေးငွေများကို လုပ်ငန်းရှင်များထံသို့ သုံးရက်အတွင်း ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့အထိ ပြည်တွင်းလုပ်ငန်းရှင် ၆၀၅ ဦးတို့အား ချေးငွေကျပ် ၈၈၆၄၉.၂၆ သန်းကို ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်မှ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်သို့ လယ်ယာအမတော်ကြေးကဲ့သို့ ထုတ်ချေးပေးခဲ့တဲ့ ငွေကျပ် ၁၀ ဘီလီယံကိုလည်း ဘဏ်လုပ်ထုံးလုပ်နည်းနဲ့အညီ အတိုးနှုန်း ၈.၅ ရာခိုင်နှုန်းဖြင့် အချိန်ကာလ သုံးနှစ်အထက် စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းမွန်တဲ့ အသေးစားနှင့်အလတ်စားလုပ်ငန်း ၆၂ ခုသို့ ထုတ်ချေးပေးပြီးဖြစ်ရာ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သမျှပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းလေးတင်ပြခွင့်ပြုပါ။ မေးခွန်းကအသစ်မဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြေကြားသွားပေးတာကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဦးအေးမောက်ရဲ့ မေးခွန်းမူရင်းမှာ ၄ ခုရှိပါတယ်။ ဒုတိယဝန်ကြီး ယခုဖြေကြားသွားတာဟာ မေးခွန်းအမှတ်စဉ် (၃) ဖြစ်တဲ့ ချေးငွေအဆင့်ဆင့် ဘယ်လိုချေးယူရမယ်ဆိုတဲ့ လုပ်ငန်းစဉ်နဲ့ ထုတ်ချေးနေတဲ့အဆင့်တွေကိုသာ ရှင်းလင်းပြပေးတာဖြစ်ပြီးတော့ မေးခွန်းနံပါတ် (၁) ကတော့ ဒီဒေသန္တရအစိုးရတွေကပေးနိုင်မည့် ချေးငွေအတွက် မြို့နယ်အဆင့်တွေမှာ မှတ်ပုံတင်စာရင်းမရှိတာကြောင့်မို့ မြို့နယ်အဆင့်တွေကို စက်မှုကြီးကြပ်ရေးရဲ့ စစ်ဆေးရေးဦးစီးဌာနက မှတ်ပုံတင်စာရင်းပေးနိုင်/မပေးနိုင်၊ ထောက်ခံချက်ပေးနိုင်/မပေးနိုင်ဆိုတာဟာ လတ်တလောကို အရေးကြီးနေတဲ့ကိစ္စဖြစ်ပါတယ်။ သို့ပါ၍ မေးခွန်းနံပါတ် (၁) ထုတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် မထုတ်ပေးနိုင်ရင်လည်း ဒီအသိအမှတ်ပြုထားတဲ့လက်မှတ်တွေဟာ စက်မှုလုပ်ငန်းဆောင်ရွက်နေသူအဖြစ် ခိုင်မာကြောင်းဆိုတဲ့ အမိန့်ကြော်ငြာစာထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ကဏ္ဍလေးကိုတော့ ကျွန်တော်တို့ကို ဖြေကြားပေးစေလိုကြောင်း ထပ်ဆင့်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊စက်မှုဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဖြေသွားတဲ့အပေါ်မှာတော့ ဦးအေးမောက်ရဲ့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ချေးငွေရယူတဲ့ကိစ္စနှင့် ပတ်သက်လို့ မေးခွန်းမေးမြန်းခြင်းဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ အခြေပြုပြီးတော့ ဖြေကြားသွားတာဖြစ်ပါတယ်။အဲဒီမှာ စောစောက ကိုယ်စားလှယ်ကြီးဦးဝင်းသန်း တင်ပြတဲ့အချက် ၄ ချက်ဆိုတဲ့ ၁၊၂၊၃၊၄ မပါပါဘူးခင်ဗျား။ ကျွန်တော်ကတော့ ဒီပေါ်မှာပဲ အခြေပြုပြီးတော့ ဖြေကြားသွားတာ။ အခုမေးခွန်းကိုလည်း ကျွန်တော်တို့ဆီကို မေးခွန်းအနေနဲ့ ထပ်မံပြီးပေးပို့မယ်ဆိုရင်တော့ ကျွန်တော်သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ ပြန်လည်ဖြေကြားပေးပါမယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၏ မေးခွန်းမူရင်းလည်း ကျွန်တော်မှာရှိပါတယ်။ လွှတ်တော်ရုံးက ချုံထားတဲ့အပိုဒ်လည်း ကျွန်တော့်မှာရှိပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အခုထပ်ပြီးတော့ သီးသန့်ထပ်မေးတဲ့မေးခွန်းမဟုတ်ကြောင်းလည်း တင်ပြလိုပါတယ်ခင်ဗျား။ ဦးအေးမောက်ရဲ့ မေးခွန်းမူရင်းသာဖြစ်ပြီးတော့ မူရင်းမှာမဖြေသေးတဲ့ အပိုဒ်ကိုသာ တင်ပြခြင်းဖြစ်ပါတယ်။ အကယ်၍ ပြန်လည်စိစစ်မယ်ဆိုရင်လည်း ဒုတိယဝန်ကြီးတို့ဆီမှာ ပြန်လည်စိစစ်ပြီးတော့မှ ဖြေကြားမယ်ဆိုရင်လည်း ဖြစ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါ။ ကျွန်တော်ကလည်းအစိုးရအဖွဲ့ရုံးကနေတစ်ဆင့် လွှတ်တော်ကနေပြီးတော့ ကျွန်တော်တို့ဝန်ကြီးဌာနကိုရောက်လာတဲ့ မေးခွန်း ကျွန်တော်တို့ လက်ထဲမှာရှိပါတယ်။ အဲဒီထဲမှာ အပိုဒ် ၁၊ ၂၊ ၃၊ ၄ ဆိုတာမပါပါဘူးခင်ဗျား။ ကျွန်တော် လက်ထဲမှာလည်း စာရွက်ရှိပါတယ်။ ကျွန်တော်ဒါကိုအခြေခံပြီးတော့ ဖြေလိုက်တာပါ။ အဲဒီတော့ စောစောက မေးခွန်းတွေလည်း ကျွန်တော် မဖြေဘူးလို့ ကျွန်တော်မပြောပါဘူးခင်ဗျား။ လောလောဆယ် ကျွန်တော်ချက်ချင်းဖြေလို့ကတော့ ကျွန်တော် သက်ဆိုင်ရာဘဏ်တို့၊ သက်ဆိုင်ရာအဖွဲ့အစည်းတို့ပြန်ပြီးတော့ မေးရမှာပါခင်ဗျား။ ဒါကြောင့် အဲဒီမေးခွန်းတွေကို ကျွန်တော်တို့ဆီကို မေးခွန်းတွေနဲ့ အညီပေးပို့ထားရင်တော့ ကျွန်တော်တို့ ပြန်လည်ဖြေကြားပေးပါမယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ မှန်ပါတယ်။ မေးခွန်းမေးတဲ့လူအနေနဲ့လည်း သူကသိလိုတာကိုမေးတာဖြစ်ပါတယ်။ အဲဒီတော့ ဒီကြားထဲမှာလည်းပဲ ချွတ်ချော်တာတွေ၊ လစ်ဟင်းတာတွေလည်းရှိနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမေးခွန်းကို မဖြေဘူးမှမဟုတ်ဘဲ။ နောက် ကျွန်တော်တို့ မကြာမတင်ပဲ အကယ်၍များ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြေပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ ဒီမေးခွန်းကို ပြန်ပြီးတော့ တင်ပြီးတော့ အစီအစဉ်ထည့်ပေးပါမယ်ခင်ဗျား။ မေးခွန်းမေးတဲ့လူလည်း ကျေနပ်မယ်ထင်ပါတယ်။ ပြန်ဖြေပေးပါမယ်။

**ဂန့်ဂေါမြို့တွင် အလုပ်သမားမှတ်ပုံတင်ရုံးအား အမြန်ဆုံးဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနဲ့စပ်လျဉ်းလို့ ဒေသခံပြည်သူများရဲ့ အကျိုးအတွက်ရည်ရွယ်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါတယ်။ ရိုသေလေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့မှာ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံး ဖွင့်လှစ်ပေးထားခြင်းမရှိသေးတဲ့အတွက် အလုပ်သမား

မှတ်ပုံတင်ခြင်းကိစ္စများနှင့် သက်တမ်းတိုးခြင်းကိစ္စများကို ဂန့်ဂေါခရိုင်ရှိ ပြည်သူများဟာ မိုင် ၁၅၀ ကျော်ခန့်ဝေးကွာပြီး ပုံတောင်ပုံညာတောင်တန်းများဖြတ်ကျော်ရကာ မော်တော်ယာဉ်ဖြင့် ၁၀ နာရီကြာ စီးနင်းကြရတဲ့ ပခုက္ကူမြို့သို့ ပင်ပန်းခက်ခဲစွာဖြင့် သွားရောက်လုပ်ကိုင်ကြရပါတယ်။ ရိုသေလေးစား အပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့မှာ အလုပ်အကိုင်နှင့် အလုပ် သမားရှာဖွေရေးရုံးကို ဖွင့်လှစ်ပေးစေလိုကြတဲ့ ပြည်သူများရဲ့ဆန္ဒများအား ဖြည့်ဆည်းပေးပါရန် ကျွန်တော့်အနေနဲ့ ယခုလို နိုင်ငံတော်ထံတင်ပြတောင်းခံရခြင်းလည်း ဖြစ်ပါတယ်။ ရိုသေလေးစားအပ် တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့မှာ အလုပ်သမားမှတ်ပုံတင်ခြင်း ကိစ္စများ၊ သက်တမ်းတိုးခြင်းကိစ္စများ လွယ်ကူအဆင်ပြေစေရေးအတွက် အလုပ်သမား၊ အလုပ်အကိုင် နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်ရှိ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးအား အမြန် ဆုံး ဖွင့်လှစ်ပေးပါရန်နှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိပါကလည်း ဖွင့်လှစ်ပေးမည့်အစီအစဉ်အား သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါ တယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ အားလုံးမင်္ဂလာပါရှင့်။ ကြွရောက်လာကြပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၏ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်၏ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် အလုပ်သမားမှတ်ပုံတင်ရုံးဖွင့်လှစ် ပေးပါရန်မေးခွန်းနှင့်စပ်လျဉ်းပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ် သမားညွှန်ကြားရေးဦးစီးဌာနသည် ဖြစ်ပေါ်တိုးတက်လာတဲ့ အလုပ်သမားရေးရာလုပ်ငန်းကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ဖွဲ့စည်းပုံပြုပြင်တိုးချဲ့ရေး အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဖွဲ့စည်းပုံစိစစ်ရေး

အဖွဲ့သို့တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါတိုးချဲ့ ဖွဲ့စည်းပုံတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂန့်ဂေါခရိုင်ဂန့်ဂေါမြို့တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနခရိုင်ရုံးဖွင့်လှစ်ရန်ပါရှိပါ၍ ဖွဲ့စည်းပုံပြင်ဆင်ဆောင်ရွက်တိုးချဲ့ခြင်းအား သဘောတူညီခွင့်ပြုချက်ရရှိပါက လုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်ပြီး၊ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် အလုပ်သမားမှတ်ပုံတင်ရုံး ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်လင်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရွှေတောင်မြို့နယ်ရှိ ကျေးရွာများတွင် သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေပါသဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ခေတ္တဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝတရားရှေ့ထား၍ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့် ဖြစ်ပါတယ်။ ကျွန်မရဲ့ မေးခွန်းကတော့ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်ရှိ ဆက်လက်တင်ပြမည့် ဖော်ပြပါကျေးရွာများတွင် သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရပါသဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။

နံပါတ် (၁) ရွှေတောင်မြို့နယ်၊ ပေါင်းချုပ်ကျေးရွာအုပ်စု အင်ဂူ၊ တည်ကြီးကုန်းကျေးရွာများသည် အိမ်ခြေ ၆၀၈ အိမ်၊ လူဦးရေ ၂၁၆၃ ဦးနေထိုင်လျက်ရှိသောကျေးရွာများ ဖြစ်ပါတယ်။ အဆိုပါကျေးရွာများသည် နှစ်စဉ်ခြောက်သွေ့ရာသီ၌ သောက်သုံးရေအခက်အခဲများ ကြုံတွေ့ခံစားနေကြရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါကျေးရွာနှစ်ရွာ၌ ၄ လက်မစက်ရေတွင်းတစ်တွင်း နိုင်ငံတော်မှ တူးဖော်ဆောင်ရွက်ပေးနိုင်ရေးအတွက် တင်ပြလျက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

နံပါတ် (၂)ရွှေတောင်မြို့နယ်၊ ထန်းကုန်းကျေးရွာအုပ်စု ဝါးတောသာကျေးရွာသည် အိမ်ခြေ ၃၅၀၊ လူဦးရေ ၂၀၀၀ နေထိုင်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အဆိုပါကျေးရွာသည်လည်း

သန့်ရှင်းသော သောက်သုံးရေအခက်အခဲများနှင့် နှစ်စဉ်ကြုံတွေ့ခံစားနေကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကျေးရွာ၌လည်း ၄ လက်မ စက်ရေတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်ပေးရန် တင်ပြရင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်။

နံပါတ် (၃) ရွှေတောင်မြို့နယ်၊ ညောင်စာရေးကျေးရွာအုပ်စုသည် အိမ်ခြေ ၇၉၆ အိမ်၊ လူဦးရေ ၂၉၈၄ ဦး နေထိုင်လျက်ရှိပြီး သောက်သုံးရေရှားပါးမှုကြောင့် ပြည်သူများက စက်ရေတွင်းများတူးဖော်သော်လည်း အောင်မြင်မှုမရရှိဘဲ အခက်အခဲများနှင့်သာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကျေးရွာ၌ နီးစပ်ရာရေထွက်ပင်ရင်း၊ ရေသွယ်လုပ်ငန်း သို့မဟုတ် သင့်တော်ရာ ရေရရှိရေးလုပ်ငန်းကို နိုင်ငံတော်မှဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလျက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ အထက်ပါရေရရှိရေးလုပ်ငန်းများသည် ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဆိုပါက သက်မှတ်ရာခိုင်နှုန်းထက်ကျော်လွန်သုံးစွဲရမည်ဖြစ်သည့်အပြင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း အပြီးဆောင်ရွက်ရာမှာ အဆင်မပြေနိုင်သည့်အတွက် နိုင်ငံတော်မှ ထောက်ပံ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ ပါစေကြောင်း နှုတ်ခွန်းဆက်သရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ပြီးခဲ့တဲ့နှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းအတွင်းမှာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရန်ပုံငွေ ၃၅၈.၇ သန်းဖြင့်

မြို့ပေါင်းအနေနဲ့ဆိုရင် မြို့နယ်ပေါင်း ၁၉ မြို့နယ်၊ ကျေးရွာပေါင်း ၃၀၊ အဲဒီမှာ တွင်းတိမ်က ၂ တွင်း၊ စက်ရေတွင်းက ၁၃ တွင်း၊ လက်တူးတွင်း ၄ တွင်း၊ မြေသားရေကန် ၁၁ ကန် စုစုပေါင်း လုပ်ငန်းပေါင်း ၃၀ ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခင်နှစ်က ဖြစ်ပါတယ်။

ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာလည်း ပဲခူးတိုင်းဒေသကြီးအတွင်းတစ်ခုလုံးမှာ မြို့နယ်ပေါင်း ၂၁ မြို့နယ်နှင့် ကျေးရွာပေါင်း ၃၆ ရွာနှင့် တွင်းတိမ် ၁၅ တွင်း၊ စက်ရေတွင်း ၁၁ တွင်း၊ လက်တူးတွင်း ၃ တွင်း၊ မြေသားရေကန် ၆ ကန်နှင့် အခြားရေရရှိရေး လုပ်ငန်း ၁ ခု စုစုပေါင်း ၃၆ ခု ကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေ ၃၁၁.၅ သန်းဖြင့် ဆောင်ရွက်ရန်လျာထားတဲ့ အနက်က ယခုကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ရွှေတောင်မြို့နယ် ညောင်စာရေးကျေးရွာ အုပ်စု ဆင်သေကျေးရွာမှာ စက်ရေတွင်း တစ် တွင်း၊ မယားမာန်ကျေးရွာအုပ်စု၊ အင်ဗျားကျေးရွာတွင် တွင်းတိမ် တစ် တွင်း စုစုပေါင်းကုန်ကျငွေ ၂၀.၅ သန်းဖြင့် ဆောင်ရွက်ဖို့ ကျွန်တော်တို့ လျာထားလျက်ရှိပါတယ်။

ထို့အတူပဲ ပြည်သူလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ရွှေတောင်မြို့နယ်မှာ သောက်သုံးရေခက်ခဲတဲ့ အင်္ဂူကျေးရွာ၊ တည်ကြီးကုန်းကျေးရွာ၊ ဝါးတောသာကျေးရွာနှင့် ညောင်စာရေးကျေးရွာမှာ ရရှိဖို့ ယခုနှစ် ၂၀၁၃-၂၀၁၄ ဖြည့်စွက်ရန်ပုံငွေမှာ အင်္ဂူကျေးရွာမှာ စက်ရေတွင်း တစ် တွင်း၊ တည်ကြီးကျေးရွာမှာ စက်ရေတွင်း တစ် တွင်း စုစုပေါင်း နှစ် တွင်း ခန့်မှန်းကုန်ကျငွေ ၃၅ သန်းကိုလည်းကောင်း၊ လာမယ့်နှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကနေပြီးတော့ ထန်းကုန်းကျေးရွာအုပ်စု၊ ဝါးတောသာကျေးရွာမှာ စက်ရေတွင်း ၁ တွင်းနှင့် နောက်ညောင်စာရေးကျေးရွာအုပ်စု၊ ညောင်စာရေးကျေးရွာမှာလည်း ၁ တွင်း စုစုပေါင်း ၂ တွင်းကို ခန့်မှန်းကုန်ကျငွေ ၃၅ သန်းနဲ့ လျာထားပြီးတော့ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ကလေးမြို့နယ်ရှိ ကျေးရွာများသောက်သုံးရေရရှိရေးနှင့် ဆိုလာမီးတပ်ဆင်ပေးရေးတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာ

အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးမြို့နယ်ရှိကျေးရွာများမှာ သောက်သုံးရေရရှိရေးနှင့် ဆိုလာမီးတပ်ဆင်ရေးကိစ္စကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးမြို့နယ်ဟာ ၈၀ ရာခိုင်နှုန်းခန့် ရေအခက်အခဲမရှိတဲ့ဒေသ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အောက်ပါကျေးရွာများကတော့ သောက်သုံးရေအခက်အခဲရှိနေတဲ့အတွက် တင်ပြရခြင်း ဖြစ်ပါတယ်။ အဲ့ဒါကတော့ ကုက္ကိုကျေးရွာအုပ်စု၊ နွားကျေးရွာ၊ တွံစားကျေးရွာအုပ်စု၊ မှန်တောကျေးရွာ၊ တင်ဆန်းကျေးရွာအုပ်စု၊ မင်းလှ(အောင်မင်္ဂလာ)ရွာသစ်ကလေး၊ ကြက်ဖနပ်ကျေးရွာအုပ်စု၊ ကန်ဦးကျေးရွာနှင့် ခုန်ဆိုင်ကျေးရွာအုပ်စု ၅၆ မိုင် အကွာတို့ ဖြစ်ပါတယ်။ ဆိုလာမီးနဲ့ပတ်သက်ပြီးတော့မှ ထောက်ကြံ့ကျေးရွာအုပ်စု၊ ကျွန်းချောင်းကျေးရွာ၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတစ်ကျောင်းအပါအဝင် ၄၉ အိမ်အတွက် လိုအပ်ပါတယ်။ တင်ဆန်းကျေးရွာ အုပ်စု၊ မင်းလှအောင်မင်္ဂလာကျေးရွာ ၅၆ အိမ် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအပါအဝင် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကျေးရွာများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုတိုးတက်ရေးအတွက် လိုအပ်နေခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မည်သည့်ဘဏ္ဍာရေးနှစ်မှာ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဝန်ကြီးဌာန)**။ ။ လေးစားပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်းနှုတ်ခွန်းဆက်သရင်းနဲ့ ကျွန်တော်တို့ မေတ္တာပို့အပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်တို့ ဖြေမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးမြို့နယ်

အတွင်းမှာ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးဖို့ ကျေးရွာ ၅ ရွာအနက်ကနေပြီးတော့ ၅၆ မိုင် ကျေးရွာမှာ ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၄ လက်မ စက်ရေတွင်းတူးဖော်ခြင်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကနေပြီးတော့ ၈.၃၈သန်းနဲ့ ဆောင်ရွက်ပေးမှာဖြစ်ပြီးတော့ မင်းလှ ကျေးရွာရေရရှိရေးကိုတော့ ၂၀၁၄-၂၀၁၅ လာမယ့်ဘဏ္ဍာရေးနှစ်မှာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ရန်ပုံငွေဖြင့်ဆောင်ရွက်ပေးမှာကိုလျာထား ထားတာရှိပါတယ်။ နောက် မှန်တောကျေးရွာ၊ ကန်ဦးကျေးရွာနှင့် နွားကျေးရွာမှာရေရရှိရေးအတွက်ကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့်ဆောင်ရွက်ဖို့ လျာထား ထားပြီးဖြစ်ပါတယ်။ နောက် ကလေးမြို့နယ်၊ ကျွန်းချောင်းကျေးရွာမှာအိမ်ခြေ ၄၇ အိမ်၊ ခရစ်ယာန်ဘုရားကျောင်း တစ် ကျောင်း အပါအဝင်နဲ့ မင်းလှမြို့နယ် အောင်မင်္ဂလာ ရွာသစ်အိမ်ခြေ ၅၆ အိမ် ဘုန်းတော်ကြီးကျောင်း အပါအဝင် စုစုပေါင်းအိမ်ခြေ ၁၀၅ အိမ်ကို ဆိုလာမီးလင်းရေးအတွက်ကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနဲ့ လျာထားထားပြီးဖြစ်ပါ တယ်။

နောက် ကလေးမြို့နယ်၊ နွားကျေးရွာ အိမ်ခြေ ၆၄ အိမ်၊ လူဦးရေ ၂၄၃ ဦးနဲ့ လက်ရှိ ရေသုံးစွဲမှုမှာ တွင်းတိမ် နှစ် တွင်း၊ တွင်းနက် တစ် တွင်း၊ လက်တူးတွင်း နှစ် တွင်းရှိပါတယ်။ အဲဒီမှာ တွင်းနက်ကတော့ လက်ရှိအခြေအနေမှာ သုံးစွဲလို့မရပါ။ မှန်တောကျေးရွာမှာ အိမ်ခြေ ၃၀၅ အိမ်၊ လူဦးရေ ၁၆၉၃ ဦးနဲ့ လက်ရှိအခြေအနေမှာ လက်တူးတွင်း ၂၂ တွင်းတို့နဲ့ ရေကိုသုံးစွဲလျက်ရှိပါတယ်။ မင်းလှကျေးရွာမှာလည်းပဲ အိမ်ခြေ ၆၇ အိမ်၊ လူဦးရေ ၃၀၃ ဦး လက်ရှိအခြေအနေမှာ တွင်းတိမ် ငါး တွင်း၊ လက်တူးတွင်း လေး တွင်းနဲ့ ရေကိုရယူသုံးစွဲလျက်ရှိပါတယ်။ နောက် ကန်ဦးကျေးရွာမှာလည်း အိမ်ခြေ ၁၈၄ အိမ်၊ လူဦးရေ ၉၀၀ လက်ရှိအခြေအနေမှာ လက်တူးတွင်း သုံး တွင်း၊ နောက်တစ်ခါ ပိုက်ခပ်တွင်း ၁ တွင်းနဲ့ ရေရယူသုံးစွဲလျက်ရှိပါတယ်။ ၅၆ မိုင် ကျေးရွာမှာလည်း အိမ်ခြေ ၁၆၀ လူဦးရေ ၉၆၀ လက်ရှိအခြေအနေမှာ တွင်းတိမ် ၁၅ တွင်း၊ တွင်းနက် တစ် တွင်း၊ လက်တူးတွင်း ၂၀ နဲ့ ရေကိုရယူသုံးစွဲလျက်ရှိပါတယ်။ ဒီကျေးရွာတွေက နွေရာသီမှာဆိုရင်တော့ ရေအခက်အခဲ အနည်းငယ် ရှိပါတယ်။ ဒီကျေးရွာတွေအနက်ကနေပြီးတော့ ခုနက တင်ပြပါ ၅၆ မိုင်ကျေးရွာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရန်ပုံငွေနဲ့ ၈.၃၇ ကျပ်သန်းနဲ့ ၄ လက်မ စက်ရေတွင်း ၃၅၀ ပေ အနက် တူးဖော်ခြင်း၊ ရေကန်ရေစက်ရုံများတည်ဆောက်ခြင်း ဆောင်ရွက်ဖို့လျာထားပါတယ်။ မှန်တော ကျေးရွာမှာ ၂၀၁၄-၂၀၁၅ လာမယ့် ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကနေပြီး

တော့ ကျပ် ၉ သန်း ၄ လက်မတစ်တွင်းတူးဖို့လျာထားပါတယ်။ နောက် မင်းလှကျေးရွာ မှာတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စည်ပင်သာယာရေးအဖွဲ့က ဘတ်ဂျက်နှင့် လျာထားဆောင်ရွက်ပေး မှာဖြစ်ပါတယ်။ ဒီကျန်တဲ့ကျေးရွာတွေကို ကျွန်တော်တို့နှစ်အလိုက် လျာထားပြီးတော့ ဆောင်ရွက်သွား မှာဖြစ်ပါတယ်။ ကလေးမြို့နယ်၊ ကျွန်းချောင်းကျေးရွာ၊ မင်းလှ (အောင်မင်္ဂလာ)ရွာသစ် ကိုလည်း ဆိုလာမီးတပ်ဆင်ရေးနှင့်ပတ်သက်ပြီးတော့ တစ်မြို့မှာ ဆိုလာအရေအတွက် ၂၅၀ အစုံပေါ့။ လျာထား ပြီးတော့ မြို့နယ်များမှာရှိတဲ့ ကျေးရွာအလိုက် တန်းစီဇယားလျာထားချက် ခွဲဝေချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်တော်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်းတို့ရဲ့ညှိနှိုင်းအတည်ပြုချက်နှင့်လျာထား ချက်ကို ရန်ပုံငွေပေါ်မူတည်ပြီးတော့ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။(သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးမြန်းသူ၊ ဖြေကြားသူအားလုံးကျေးဇူးတင်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပြီဖြစ်ပါတယ်။

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၄ )ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အစီအစဉ် ၆ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၄) နဲ့ထုတ်ပြန်ထားခဲ့တဲ့ အီလက် ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ တင်သွင်းရန်အတွက် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ဖိတ်ခေါ်အပ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

# အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ဖြစ်ပါတယ်။ ကျွန်မမှာ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၄)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မှ ပေးပို့လာသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ဖြစ်သည့် ၂၁-၈-၂၀၁၃ ရက်နေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းအား လေ့လာစိစစ်ရန် ၂၇-၉-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေး

ကော်မရှင်အဖွဲ့ဝင်များနှင့် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အီလက်ထရောနစ် ဆက်သွယ်ရေး၊ ဆောင်ရွက်ရေးဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၄)ကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာစိစစ်တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဤဥပဒေကြမ်းတွင် ပုဒ်မ ၈ ခုပါရှိပါသည်-

(က) ဥပဒေခေါင်းစီးအား ပြဋ္ဌာန်းပြီးသော ဥပဒေများနှင့်အညီဖြစ်စေရန် ပြင်ဆင်ပါသည်။

(ခ) ပုဒ်မ ၁ အားဥပဒေရေးထုံးနှင့် ညီညွတ်စေရန်အတွက် ဤဥပဒေကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်ဟုပြင်ဆင်ပါသည်။

(ဂ) ပုဒ်မ ၂ အား ပြင်ဆင်သည့်ဥပဒေကြမ်း ရေးထုံးနှင့်ညီညွတ်စေရန်နှင့် ပြစ်ဒဏ်များအား ခေတ်နှင့်လျော်ညီမှုရှိစေရန်အတွက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ တွင်ပါရှိသော အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်ဆိုသည့် စကားရပ်အစား အနည်းဆုံး ၅ နှစ်မှ အများဆုံး ၇ နှစ် အထိဆိုသည့်စကားရပ်အဖြစ် အစားထိုးရမည်ဟုပြင်ဆင်ပါသည်။

(ဃ) ပုဒ်မ ၃ အားပြင်ဆင်သည့် ဥပဒေ ကြမ်းရေးထုံးညီညွတ်စေရန် ပြစ်ဒဏ်များအား ခေတ်နှင့်လျော်ညီမှုရှိစေရန်အတွက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၄ တွင်ပါရှိသော ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့် စကားရပ်အစား ငွေဒဏ်ကျပ်သိန်း ၅၀ မှ ကျပ် သိန်း ၁၀၀ အထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်အနည်းဆုံး ၁ နှစ်မှ အများဆုံး ၃ နှစ်အထိချမှတ်ရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(င) ပုဒ်မ ၄ အား ပြင်ဆင်သည့် ဥပဒေကြမ်းရေးထုံး ညီညွတ်စေရန်နှင့် ပြစ်ဒဏ်များအား ခေတ်နှင့်လျော်ညီမှုရှိစေရန်အတွက် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး

ဥပဒေပုဒ်မ ၃၅ တွင်ပါသော ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့်စကားရပ်အစား ငွေဒဏ် ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၅၀ အထိချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်အနည်းဆုံး ၆ လမှ အများဆုံး ၁ နှစ် အထိချမှတ်ရမည်ဆိုသည့်စကားရပ်အဖြစ် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(စ) ပုဒ်မ ၅ အား ပြင်ဆင်သည့်ဥပဒေကြမ်း ရေးထုံးနှင့်ညီညွတ်စေရန်နှင့် ပြစ်ဒဏ်များအား ခေတ်နှင့် လျော်ညီမှုရှိစေရန်အတွက် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၆ တွင် ပါရှိ သော ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆို သည့် စကားရပ်အစားငွေဒဏ်ကျပ် တစ်သိန်းမှ ကျပ် သုံးသိန်းအထိ ချမှတ်ရမည်။

(ဆ) ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ၃ လအထိ ဆောင်ရွက်ရမည်ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဇ) ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။ သို့ဖြစ်ပါ၍ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ကြပြီး နည်းဥပဒေ ၆၃ နှင့် အညီအစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က တင်သွင်းသည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာတို့ကို တိတိ

ကျကျဖော်ပြ၍ ၁၀-၁၀-၂၀၁၃ (ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် (အင်္ဂါနေ့) ၁၀ နာရီ တိတိအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါ တယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ခေတ္တဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ကို ၁၁း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။]**